စိတ်ကူးချိုချိုအနုပညာ



# ကလေးတို့အတွက် ဗုဒ္ဓယဉ်ကျေးမှု

ဒဂုန်ဦးထွန်းမြင့်

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးတင်ဝင်းနိုင်၊ ချိုချိုမြင့်စာပေ၊ ၂၉၇၊ အေးဝန်းအရှေ့ ၃၅နှင့်၃၆ကြား
မဟာအောင်မြေ မန္တလေး။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၂၉၄ · ၃

ကလေးတို့အတွက်ဗုဒ္ဓယဉ်ကျေးမှု
အဂ္ဂနိဦးထွန်းမြင့်၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ကလေးတို့အတွက်ဗုဒ္ဓယဉ်ကျေးမှု

mgyoe.com


mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | ကလေးသူငယ်နှင့်ဗုဒ္ဓယဉ်ကျေးမှု | ....... | ၂ |
| ၁။ | ကလေးသူငယ်ဘဝ | | |
| | – မင်္ဂလာ ၁၂ ခန်း | ....... | ၇ |
| | – ထင်းလှည်းသမားသား | ....... | ၁၆ |
| ၂။ | ကျောင်းသားဘဝ | ....... | ၂၀ |
| ၃။ | ၃၈ ဖြာမင်္ဂလာ | ....... | ၂၈ |
| | – ရှင်းလင်းချက် | ....... | ၄၉ |


mgyoe.com

mgyoe.com
mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

## ကလေးသူငယ်နှင့် ဗုဒ္ဓယဉ်ကျေးမှု

ဗုဒ္ဓဘာသာမြန်မာများသည် ဘဝစဉ်ဆက်ရှိသည် ဆိုသော အယူကို ယူလျက်ကံကိုယုံကြည်ကြသော လူမျိုးဖြစ်သည်။ သတ္တဝါများသည် နိဗ္ဗာန်ကို မရမချင်း တစ်ဘဝပြီးတစ်ဘဝ ဖြစ်နေကြသည်ဟု ယုံကြည်ကြသည်။ ယင်းသို့တစ်ဘဝပြီး တစ်ဘဝဖြစ်နေရာ၌လည်း မိမိတို့ကံအားလျော်စွာ ကောင်းသောကံရှိလျှင် ကောင်းသောဘဝ၌ဖြစ်၍၊ မကောင်းသောကံရှိလျှင် မကောင်းသောဘဝ၌ ဖြစ်ရသည်ဟု ယုံကြည်ကြသည်။ ကောင်းသောကံဆိုသည်မှာ မိမိပြုလုပ်သည့် ကောင်းမှုများကို ဆိုလိုပေသည်။ ကုသိုလ်ဟူ၍လည်း ခေါ်သည်။ ကုသိုလ်ကောင်းမှုရှိလျှင် လူ့ဘဝ၊ နတ်ဘဝစသော ကောင်းသောဘဝ၌ ဖြစ်ရသည်ဟု ဆိုလိုပေသည်။ မကောင်းသောကံဆိုသည်မှာ မိမိပြုလုပ်သည့် မကောင်းမှုများကို ဆိုလိုပေသည်။ အကုသိုလ်ဟူ၍လည်း ခေါ်သည်။ မကောင်းမှု အကုသိုလ်ရှိလျှင် တိရစ္ဆာန်ဘဝစသော မကောင်းသောဘဝ၌ ဖြစ်ရသည်ဟု ဆိုလိုပေသည်။

ဗုဒ္ဓဘာသာမြန်မာများသည် မိမိတို့ လူ့ဘဝ၌ဖြစ်နေကြရခြင်းမှာ ကောင်းမှုကုသိုလ်ကံကြောင့်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ လူ့ဘဝ၌လည်း ချမ်းသာသုခတွေ့ကြုံခံစားရခြင်းမှာ ကုသိုလ်ကံကြောင့်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။


mgyoe.com

ဆင်းရဲဒုက္ခတွေ့ကြုံခံစားရခြင်းမှာ မကောင်းမှု အကုသိုလ်ကံကြောင့်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ကုသိုလ်ကံသည် ကောင်းသောအကျိုးကို ဖြစ်စေသည်။ အကုသိုလ်ကံသည် မကောင်းသော အကျိုးကိုဖြစ်စေသည်ဟု ဗုဒ္ဓဟောကြားတော်မူသည့်စကားကို စွဲမြဲစွာ ယုံကြည်ကြသောကြောင့်ဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် အထက်ပါ ဗုဒ္ဓမြတ်စွာဘုရား၏စကားတော်ကို အခိုင်အမြဲစွဲလမ်းယုံကြည်ထားကြသည် ဖြစ်သောကြောင့် ကောင်းသောအရာနှင့် တွေ့ကြုံရသမျှ ကုသိုလ်ကံကြောင့်သာဖြစ်သည်။ မကောင်းသောအရာနှင့် တွေ့ကြုံရသမျှ အကုသိုလ်ကံကြောင့်သာဖြစ်သည်ဟူ၍ မှတ်ယူကြလေသည်။ ဥပမာ အလုပ်အကိုင်အကြံအစည်တည့်လျှင် အခြားသော အကြောင်းများကို မစဉ်းစားဘဲ ကုသိုလ်ကံကြောင့်ဟု မှတ်ယူကြလေသည်။ အလုပ်အကိုင် အကြံအစည်အပေါက်အလမ်း မတည့်လျှင်လည်း အခြားသောအကြောင်းကို မစဉ်းစားဘဲ အကုသိုလ်ကံကြောင့်ဟု မှတ်ယူကြသည်။

ဤနည်းအတိုင်းပင် အန္တရာယ်အယှက်ဘေးအန္တရာယ်နှင့် တွေ့ရခြင်းမှာ အကုသိုလ်ကံကြောင့်ဖြစ်သည်ဟု မှတ်ယူလျက် အနှောင့်အယှက် ဘေးအန္တရာယ်နှင့် မတွေ့ရခြင်း၊ ဘေးအန္တရာယ်မှ လွတ်မြောက်ရခြင်းမှာ ကုသိုလ်ကံထောက်မသောကြောင့် ဖြစ်သည်ဟု မှတ်ယူတတ်ကြလေသည်။ တစ်ခါတစ်ရံ ဘေးဒုက္ခအန္တရာယ်နှင့် တွေ့ကြုံရာမှ မိမိ၏လုံ့လဝီရိယကြောင့် လွတ်မြောက်လာသည်ကိုပင် 'ကံကောင်းလို့' ဟု ပြောဆိုတတ်ကြလေသည်။ အသေးအဖွဲ့အထိ ပြောရလျှင် ခြေချော်ကျလဲတော့မည်ကဲ့သို့ဖြစ်ပြီး တစ်ခုခုကို ကိုင်တွယ်မိ၍မလဲသည်ကိုပင် 'ကံကောင်းလို့မလဲတယ်' ဟု ပြောကြလေသည်။ မော်တော်ကားတိုက်မိမလိုဖြစ်သောကြောင့် လန့်ခုန်ပြီး ရှောင်လိုက်သဖြင့် မတိုက်မိသောအခါ၌လည်း 'ကံကောင်းလို့ မတိုက်မိတယ်' ဟု ပြောတတ်ကြလေသည်။

ယင်းကဲ့သို့ဖြစ်ရာ၌ တစ်ခုခုကိုကိုင်တွယ်မိ၍ ချော်မလဲခြင်းဖြစ်ကြောင်း၊ လန့်ခုန်ပြီးရှောင်လိုက်၍ ကားမတိုက်မိခြင်းဖြစ်ကြောင်းကို ကလေးကစ၍ နားလည်သိရှိပြီးဖြစ်သည်။ သို့ရာတွင် ငယ်ရွယ်စဉ်ကစ၍ ကံကိုယုံကြည်မှု ခိုင်မြဲစွဲလမ်းပြဋ္ဌာန်း လွှမ်းကဲနေသည်ဖြစ်သောကြောင့် 'ကံကောင်းလို့ မလဲတယ်' 'ကံကောင်းလို့ ကားတိုက်မခံရတယ်' ဟု ရုတ်တရက် ပြောဆိုမိတတ်ကြခြင်းဖြစ်သည်။ ၎င်း

mgyoe.com



mgyoe.com

mgyoe.com

ကိုထောက်၍ ဗုဒ္ဓဘာသာမြန်မာများသည် ကံကို အဘယ်မျှလောက် ယုံကြည်သည်ဆိုသောအချက်ကို သိနိုင်လေသည်။

ယင်းသို့ ကံကိုယုံကြည်ထားကြသည့်အတိုင်း နောက်ဖြစ်ရမည့် ဘဝစဉ်ဆက်၌ ကောင်းသောဘဝ၌ဖြစ်ရန်၊ ချမ်းသာသုခများနှင့် တွေ့ကြုံရန် ကုသိုလ်ကောင်းမှုများကို တတ်နိုင်သမျှ ပြုလုပ်ဆည်းပူးကြလေသည်။ အကြောင်းမူကား မိမိတို့သည် ယခုဘဝပြီးသည့် နောက်နောင်အခါ၌ ဘဝပေါင်းများစွာ ဖြစ်ကြရဦးမည်။ ယင်းသို့ ဖြစ်ရာ၌ မိမိတို့ပြုရသည့် ကောင်းမှု၊ မကောင်းမှု ကံအားလျော်စွာ ကောင်းသောဘဝ၊ မကောင်းသောဘဝ၌ ဖြစ်ကြရသည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်သည်။ ဤသို့ ယုံကြည်သည့်အတိုင်း ကောင်းသောဘဝ၌ဖြစ်ရန် ကုသိုလ်ကောင်းမှုများကို တတ်နိုင်သမျှ ပြုလုပ်လေ့ရှိသည်။

ကုသိုလ်ကောင်းမှု ပြုလေ့ရှိသူများသည် လူချစ်လူခင်ပေါများခြင်း၊ ဘေးဘယာကင်းဝေးခြင်း စသည်များကို တွေ့ကြုံရသဖြင့် ကုသိုလ်ကောင်းမှုသည် ယခုမျက်မှောက်ဘဝ၌ပင်လျှင် ဆင်းရဲဒုက္ခသက်သာစေနိုင်သည်ဟု ယုံကြည်ထားသောကြောင့် ကုသိုလ်ကောင်းမှုများကို တတ်နိုင်သမျှ ပြုလုပ်ကြလေသည်။

ဗုဒ္ဓဘာသာမြန်မာများ ပြုလုပ်ဆည်းပူးသော ကုသိုလ်ကောင်းမှုသည် အရင်းခံအားဖြင့် ၁–စွန့်ကြဲပေးကမ်းခြင်းဒါန၊ ၂–ကိုယ်ကျင့်တရား ဆောက်တည်ထိန်းသိမ်းခြင်းသီလ၊ ၃–စိတ်ဓာတ်ရင့်ကျက်အောင်ပြုလုပ်ခြင်း ဘာဝနာဟူ၍ သုံးမျိုးရှိသည်။ ဗုဒ္ဓဘာသာမြန်မာများသည် အဆိုပါ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို မွေးသည်ကစ၍ သေသည်အထိ အခွင့်သင့်တိုင်း ပြုလုပ်ဆည်းပူးကြလေသည်။

× × × × ×

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ကလေးသူငယ်ဘဝ

ဗုဒ္ဓဘာသာမြန်မာများသည် မွေးပြီးခါစ လူမှန်းမသိသေးသည့် အရွယ်ကစ၍ ဘာသာရေးနှင့် တွေ့ထိရလေသည်။ ပထမဆုံးဘာသာရေးနှင့် တွေ့ထိခံရခြင်းမှာ မွေးပြီးနောက် ခုနစ်ရက်မြောက်တွင် ကင်းပွန်းတပ်မင်္ဂလာ ပြုလုပ်သောအခါ၌ဖြစ်သည်။

ကင်းပွန်းတပ်မင်္ဂလာဆိုသည်မှာ ရှေးအစဉ်အလာမြန်မာများ ပြုလုပ်လေ့ရှိသော လောကီမင်္ဂလာဆယ့်နှစ်ခန်းအနက်တစ်ခု ဖြစ်သည်။ လောကီမင်္ဂလာ ၁၂ ခန်းကား–

### မင်္ဂလာ ၁၂ ခန်း

၁။ အာဝါဟမင်္ဂလာ

သတို့သမီးကို သတို့သားထံသို့ ပို့ဆောင်သော မင်္ဂလာ။

၂။ ဝိဝါဟမင်္ဂလာ

သတို့သမီးထံသို့ သတို့သားကသွား၍ တောင်းယူသော မင်္ဂလာ။

mgyoe.com

mgyoe.com



**၃။ ဝိဇာယနမင်္ဂလာ**

သားသမီးဖွားမြင်သဖြင့် လူအများကို သိစေသော မင်္ဂလာ။

**၄။ နန္ဒီမုခဒဿနမင်္ဂလာ**

ကလေးအား အဖိုးအဖွား အမေအဖေတို့ကို ဒါသင့် အဖိုး၊ ဒါသင့် အဖွား စသည်ဖြင့် ပြသောမင်္ဂလာ၊ ဖွားပြီး ၃ ရက်ရသောအခါ လုပ်ရသည်။

**၅။ ကေသစ္ဆေဒနမင်္ဂလာ**

ဆံပင်ရိတ်သောမင်္ဂလာ၊ ဖွားပြီး ၇ ရက်ရသောအခါ လုပ်ရသည်။

**၆။ ဒေါဠာကရဏမင်္ဂလာ**

ပုခက်တင်မင်္ဂလာ၊ ဖွားပြီး ၂ လအတွင်း လုပ်ရသည်။

**၇။ တမ္ဗူလာဟာရမင်္ဂလာ**

mgyoe.com

mgyoe.com

ကွမ်းခွံ့မင်္ဂလာ၊ ဖွားပြီး ၇၅ ရက်ရသောအခါ လုပ်ရသည်။

**၈။ ရဝိန္ဒုဒဿနမင်္ဂလာ**

နေလပြသောမင်္ဂလာ၊ ၃ လသားအရွယ်တွင် လုပ်ရသည်။

**၉။ နာမကရဏမင်္ဂလာ**

နာမည်ပေးမင်္ဂလာ၊ ဖွားပြီးရက်တစ်ရာပြည့်သောနေ့၌ လုပ်ရသည်။

**၁၀။ ဘတ္တာဟာရမင်္ဂလာ**

ပထမဆုံးထမင်းခွံ့သော မင်္ဂလာ၊ ၆ လသားအရွယ်တွင် လုပ်ရသည်။

**၁၁။ ကေသဗန္ဓနမင်္ဂလာ**

ဆံထုံးသောမင်္ဂလာ ထို့နောက် သင့်လျော်သောအခါတွင် လုပ်ရသည်။

**၁၂။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ**

နားသမင်္ဂလာ၊ ထို့နောက် သင့်လျော်သောအခါတွင် လုပ်ရသည်။



mgyoe.com

 mgyoe.com 

**၁၃။ ပဗ္ဗဇ္ဇမင်္ဂလာ**

ရှင်ပြုမင်္ဂလာ၊ ထို့နောက် သင့်လျော်သောအခါတွင် လုပ်ရသည်။



mgyoe.com

mgyoe.com

(မြန်မာတို့သည် ၁ နှင့် ၂ ကိုပေါင်း၍ အာဝါဟဝိဝါဟမင်္ဂလာဟု လုပ်ကြသဖြင့် မင်္ဂလာ ၁၂ ခန်းဟုဆိုကြသည်)

ဤမင်္ဂလာ ၁၂ ခန်းအနက် (၅) ကေသစ္ဆေဒနမင်္ဂလာကို ကင်ပွန်းတပ်မင်္ဂလာဟုလည်း ခေါ်သည်။ ကလေးကို တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးပြီး ဆံပင်ကိုရိတ်ရသောကြောင့် ကင်ပွန်းတပ် မင်္ဂလာခေါ်ခြင်းဖြစ်သည်။ ကင်ပွန်းတပ်မင်္ဂလာပြုသောအခါ နို့ထမင်းချက်၍ ရဟန်းသံဃာများကို လှူဒါန်းလေ့ရှိကြသည်။ အချို့ တတ်နိုင်သောသူများသည် ရဟန်းသံဃာများကိုပင့်၍ ကလေးအတွက် ဆွမ်းဘောဇဉ်တို့ကို ကျွေးမွေးကြသည်။ ဆွေမျိုး မိတ်သင်္ဂဟများကိုဖိတ်ကြား၍ ထမင်း သို့မဟုတ် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲစသည်တို့ကို ကျွေးမွေးကြသည်။ မိတ်သင်္ဂဟများကလည်း ကလေးအတွက် လက်ဆောင်ပစ္စည်းများကို ပေးကမ်းကြသည်။

လောကီမင်္ဂလာဆိုသည်မှာ ရှေးအစဉ်အလာက ပြုလုပ်လာသည့် လောကီမှုကိစ္စများသာဖြစ်သည်။ သို့ရာတွင် မြန်မာတို့သည် ယင်းလောကီမှုကိုပင် ဘာသာရေးအသွင်သို့ ဆွဲယူကာ ကလေးအတွက် ကုသိုလ်ကောင်းမှု ပြုသည့်အနေဖြင့် လှူဒါန်းကျွေးမွေးခြင်း ပြုလုပ်ကြလေသည်။ ဤသို့မိဖများက ကလေးအတွက် ကုသိုလ်ကောင်းမှုပြုလျှင် ကလေးလည်း ကုသိုလ်ရသည်ဟု ယုံကြည်ကြလေသည်။

နားသမင်္ဂလာ၊ နာမည်ပေး မင်္ဂလာများပြုလုပ်သောအခါ၌လည်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ နားသမင်္ဂလာဆိုသည်မှာ နားကပ် ပန်ဆင်ရန်အတွက် နား၏အောက်ဖက်များတွင် အပေါက်ဖောက်ပေးခြင်းဖြစ်သည်။ ရှေးအခါက မြန်မာများသည် ယောကျ်ားကလေးရော၊ မိန်းကလေးပါ နားပေါက်ဖောက်ပေးကြသည်။ ယခုခေတ်၌ကား သမီးမိန်းကလေးကိုသာ နားသမင်္ဂလာပြုလုပ်ကာ နားပေါက်ဖောက်ပေးကြသည်။ နားသမင်္ဂလာ ပြုလုပ်သောအခါ ကလေးအတွက် ဆုမွန်ကောင်းများတောင်းကြသည်။ ယင်းသို့ကလေးအတွက် ဆုမွန်ကောင်းများတောင်းခြင်းကို မင်္ဂလာပြုခြင်းဟု ခေါ်သည်။ နားသမင်္ဂလာနှင့်တွဲ၍ နာမည်ပေးမင်္ဂလာကိုပါ ပြုလုပ်ကြသည်။ နာမည်ပေးမင်္ဂလာဆိုသည်မှာ ကလေးကိုနာမည်မှည့်ခြင်းပင်ဖြစ်သည်။

mgyoe.com

ယခုအခါ၌ အချို့သူတို့သည် သမီးကို ဆယ်နှစ်သမီးအရွယ်လောက်ရှိမှ သားရှင်ပြုနှင့်တွဲ၍ နားသမင်္ဂလာပြုလုပ်ကြသည်။ နားသမင်္ဂလာ၊ နာမည်ပေး မင်္ဂလာများ ပြုလုပ်သောအခါ၌လည်း သံဃာများကို ပင့်ဖိတ်၍ လှူဒါန်းကျွေးမွေးခြင်း ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြား၍ ကျွေးမွေးခြင်းစသည်ဖြင့် ကလေးအတွက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။

အဆိုပါ မင်္ဂလာများပြုလုပ်သောအခါ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြား၍ အထိုက်အလျောက်ကျွေးမွေးခြင်း ဆွေမျိုးမိတ်သင်္ဂဟများက ကလေးအတွက် ဆုတောင်းခြင်း လက်ဆောင်ပစ္စည်းပေးခြင်းမှာ လောကီမှု မင်္ဂလာအဖြစ် အစဉ်အလာပြုလုပ်မြဲဖြစ်သည်။ ထိုလောကီမှုကိစ္စကို မြန်မာတို့က ဘာသာရေးဖြင့် အမွှန်းတင်ကာ ရဟန်းသံဃာများကို ပင့်ဖိတ်၍ ကလေးအတွက် လှူဒါန်းကျွေးမွေးခြင်း ကုသိုလ်ကောင်းမှုပြုလုပ်လျက် မိတ်သင်္ဂဟများအား ဖိတ်ကြား ကျွေးမွေးခြင်းကိုလည်း အစဉ်အလာပြုနေကျလူမှုရေးအဖြစ်လောက်သာ သဘောမထားဘဲ ကလေးအတွက် ကုသိုလ်ကောင်းမှုပြုသည့် အဖြစ်ဖြင့် ကျွေးမွေးကြသည်။

ဤကဲ့သို့ ကျွေးမွေးလှူဒါန်းခြင်းကို ဘာသာရေးအားဖြင့် ဒါနပြုသည်ဟု ခေါ်သည်။ မြတ်စွာဘုရားဟောကြားသည့် မင်္ဂလာတရားသုံးဆယ့် ရှစ်ပါးတွင် ဒါနပြုခြင်းဟူသော မင်္ဂလာလည်းပါသည်။ သို့ဖြစ်၍ ကင်းပွန်းတပ် မင်္ဂလာ၊ နားသမင်္ဂလာ၊ နာမည်ပေး မင်္ဂလာဟူသော လောကီမှု အစဉ်အလာ မင်္ဂလာကိစ္စများတွင် ကျွေးမွေးလှူဒါန်းခြင်းဟူသော ဒါနမင်္ဂလာကိုပါ ဖြည့်စွက်လျက် မိမိတို့ သားသမီးအတွက် လောကီလောကုတ္တရာမင်္ဂလာ နှစ်မျိုးလုံးပြည့်စုံအောင် ပြုလုပ်ကြသည်။

ဤသို့အားဖြင့် ဗုဒ္ဓဘာသာမြန်မာများသည် လူမှန်းမသိသေးသည့် ကလေးဘဝကစ၍ ဘာသာရေးနှင့် တွေ့ထိလာခဲ့ကြလေသည်။

ထို့နောက် မတ်တတ်ပြေးစအရွယ်သို့ ရောက်လာသောအခါ ဘုန်းကြီး ရဟန်းများကို မိဖများကရှိခိုးသောအခါ အတူလိုက်ပြီး ရှိခိုးတတ်သည်။ မိဖများက ကလေး၏လက်ကလေးနှစ်ဖက်ကို ပူးအောင်လုပ်ပေးပြီး 'ရှိခိုးလိုက်' 'ရှိခိုးလိုက်' ဟုလည်း ခိုင်းတတ်သည်။ ယင်းသို့ခိုင်းလျှင် ကလေးကလည်း ရှိခိုးတတ်သည်။ မိဖများက ဦးတော် ဦးတော်ဟူ၍ လည်းကောင်း၊ ဘုရား ဘုရားဟူ၍

mgyoe.com

mgyoe.com

လည်းကောင်း၊ သြကာ သြကာ ဟူ၍လည်းကောင်း သင်ပေးပြီး ရှိခိုးခိုင်းတတ်သည်။ ထိုအခါ ကလေးက ဖယား ဖယား၊ ဦးတော် ဦးတော်၊ သြကာ သြကာဟု မပီကလာပီကလာ ဆိုပြီး ဦးချတတ်သည်။ တစ်ခါတစ်ရံလည်း မိဖများ (အထူးသဖြင့် မိခင်ဖြစ်သူ) ဘုရားရှိခိုးသောအခါ အနားတွင်ထိုင်ပြီး မိခင်လုပ်သလို လိုက်လုပ်တတ်သည်။ မိခင်ဖြစ်သူသည် မိမိ၏ သားသမီးအား ဘုရားဆိုသော စကား၊ ဘုန်းဘုန်း ဆိုသောစကား ဗုဒ္ဓ ဆိုသောစကား ဘုရားကို ရှိခိုးပါ၏ ဆိုသောစကား ဘုရားကို ကိုးကွယ်ပါ၏ ဆိုသောစကား ဤသို့စသည်ဖြင့် ဘာသာရေးနှင့်ဆိုင်သော စကားများကို တစတစ သင်ပေးလေသည်။

ထို့နောက် နှစ်ခါလည်ကျော်အရွယ်လောက် ရောက်လာသောအခါ မိခင်ဖြစ်သူက မိမိဘုရားရှိခိုးသောအခါ သားသမီးကိုလည်း ဘုရားကိုကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏ဟု သင်ပေးပြီး ဦးသုံးကြိမ် ချခိုင်းလေသည်။ လူကြီးများကို ဆဲလျှင် "မဆဲကောင်းဘူး"၊ "ငရဲကြီးတတ်တယ်" ဟု ပြောဆိုတားမြစ်တတ်သည်။ သုံးလေးနှစ်သားအရွယ်သို့ ရောက်သောအခါ ညအိပ်ရာဝင်တွင် ကလေးအရွယ်အရ နားလည်နိုင်လောက်သည့် ပုံပြင်ကလေးများကိုပြောရင်း သူများကို မကောင်းကြံလျှင် ဒုက္ခတွေ့ရကြောင်း သူများအသက်ကိုသတ်လျှင် သူများပစ္စည်းကိုခိုးလျှင် မဟုတ်မမှန် လိမ်ပြောလျှင် ငရဲခံရကြောင်းများကို ထည့်သွင်းပြောပြတတ်သည်။ သူများအသက်ကို သတ်သောသူသည် နောင်ဘဝရောက်လျှင် အိမ်မိုးတစ်ဖက်ခြမ်းလောက်ရှိသော ဓားမကြီးနှင့် နုတ်နုတ်စဉ်းခံရကြောင်း၊ ဇရာမ ဒယ်အိုးကြီးထဲတွင် ဆီတွေအပြည့်ထည့်ပြီး ကျိုက်ကျိုက်ဆူအောင် ချက်ထားသည့် ငရဲအိုးကြီးထဲသို့ ငရဲထိန်းတွေက ခြေထောက်နှစ်ချောင်းကိုကိုင်ပြီး ဇောက်ထိုးထိုးချခြင်းကို ခံရကြောင်းစသည်ဖြင့် ငရဲခံရပုံများကို ပြောပြတတ်သည်။ ၎င်းပြင်မိဘများသည် ဥပုသ်စောင့်ရန် တစ်စုံတစ်ခု လှူဒါန်းရန် ဘုန်းကြီးကျောင်းသို့ သွားသောအခါ၌လည်း သားသမီးကို ခေါ်သွားတတ်သည်။ ယင်းသို့ ခေါ်သွားသဖြင့် သားသမီးကလေးများသည် မိဘများ ဘုရားကန်တော့ခြင်း၊ ဘုန်းကြီးအား ဝတ်ချရှိခိုးခြင်းတို့ကို မကြာခဏ တွေ့ရသည်သာမက မိဖလုပ်သလို အတုလိုက်၍ ဘုရားကန်တော့ခြင်း ဘုန်းကြီးဝတ်ချခြင်းတို့ကို ပြုလုပ်တတ်သည်။ မိဖများသည် တစ်ခါတစ်ရံ ဘုရားစေတီသို့ ဖူးမျှော်

mgyoe.com

 mgyoe.com 

ရန်သွားသောအခါ၌လည်း သားသမီးများကို ခေါ်သွားလေ့ရှိသည်။ အချို့သော ဘုရားတန်ဆောင်းများ၌ ငရဲခန်းပန်းချီကားများ ထားလေ့ရှိရာ မိဖများသည် ဘုရားတန်ဆောင်းများတွင် နားနေရင်း သားသမီးများအား ထိုပန်းချီကားကိုပြလျက် "ဟိုမှာကြည့်စမ်း သူများအသက်သတ်လို့ ငရဲခံနေရတာ။ ဟိုဘက်ကတော့ သူများပစ္စည်းခိုးလို့ ငရဲခံနေရတာ" စသည်ဖြင့် ပြောပြတတ်သည်။

ဤသို့အားဖြင့် ဗုဒ္ဓဘာသာမြန်မာများသည် ကောင်းစွာမသိတတ်ခင် ကလေးဘဝကပင် ဘာသာရေးအပြုအမူ များကို တွေ့ထိလာခဲ့ကြလေသည်။ ထို့နောက် လေးငါးခြောက်နှစ်အရွယ်သို့ရောက်လာသောအခါ မိခင်ဖြစ်သူက အိပ်ရာဝင်လျှင် ဘာသာရေးနှင့်ဆိုင်သော ပုံဝတ္ထုကလေးများကို ပြောပြတတ်သည်။ ယင်းသို့ ပြောပြသော ပုံဝတ္ထုများအနက် အောက်ပါ ပုံဝတ္ထုလည်းပါသည်။

× × × × ×

mgyoe.com

mgyoe.com



ထင်းလှည်းသမားသား

mgyoe.com

mgyoe.com

# ထင်းလှည်းသမားသား

ရှေးတုန်းက ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရားကိုးကွယ်တဲ့ လူရဲ့သားနဲ့ တိတ္ထိကို ကိုးကွယ်တဲ့လူရဲ့ သားဖြစ်တဲ့ သူငယ်နှစ်ယောက် ဂေါ်လီပစ် ကစားကြတဲ့အခါ မြတ်စွာဘုရားကိုးကွယ်တဲ့ သူငယ်က ဂေါ်လီပစ်တိုင်း 'မြတ်စွာဘုရားကို ရှိခိုးပါ၏' လို့ဆိုပြီး ပစ်တယ်။ တိတ္ထိကိုးကွယ်တဲ့ သူငယ်ကတော့ 'တိတ္ထိအရှင်မြတ်ကို ရှိခိုးပါ၏' လို့ဆိုပြီး ဂေါ်လီပစ်တယ်။ မြတ်စွာဘုရားကို ရှိခိုးပါ၏လို့ဆိုပြီး ပစ်တဲ့ မြတ်စွာဘုရားကိုးကွယ်တဲ့ သူငယ်ကချည်း နိုင်တာပဲတဲ့။ တိတ္ထိကိုးကွယ်တဲ့ သူငယ်ဟာ ကစားတိုင်းသူချည်းရှုံးနေတဲ့အတွက် သူကလည်း ဘုရားကိုးကွယ်တဲ့ သူငယ်ဆိုသလို မြတ်စွာဘုရားကို ရှိခိုးပါ၏လို့ ဆိုပြီးကစားသတဲ့။

အဲဒီသူငယ်ဟာ ဂေါ်လီပစ်ကစားတဲ့အခါ နိုင်ချင်တာနဲ့ပဲ မြတ်စွာဘုရားကို ရှိခိုးပါ၏ဆိုတဲ့စကားကို ခဏခဏဆိုပြီးနေသတဲ့။ တစ်နေ့ကျတော့ သူ့အဖေတောထဲကို ထင်းခုတ်သွားတဲ့အခါ သူပါလိုက်သွားရသတဲ့။ သားအဖနှစ်ယောက် လှည်းနဲ့ ထင်းခုတ်သွားပြီးအပြန်ကျတော့ မြို့ပြင်ကသင်္ချိုင်းကုန်းနားမှာ လှည်းဖြုတ်ပြီး နားကြတယ်တဲ့။ နွားတွေကိုလည်းဖြုတ်ပြီး ခဏလွှတ်ထားကြတယ်။ အဲဒီအခါမှာ နွားတွေက မြို့ထဲကိုဝင်သွားကြတာပေါ့။ တအောင့်တနားနေပြီး

mgyoe.com

mgyoe.com

လှည်းပြန်တပ်ဖို့ နွားတွေကိုကြည့်တဲ့အခါ မတွေ့တဲ့အတွက် သူ့အဖေက မြို့ထဲဝင်ပြီး နွားရှာတယ်။ အချိန်ကလည်း နေဝင်ခါနီး ရှိနေပြီတဲ့။ သူ့အဖေဟာ နွားတွေကိုတွေ့လို့ ကပျာကယာ မောင်းလာပေမယ့် မြို့တံခါးပိတ်သွားတာနဲ့ မြို့ပြင်ကို မထွက်ရတော့ဘူးတဲ့၊ မြို့ပြင်မှာ ကျန်ရစ်တဲ့ သူငယ်ကလေးလည်း သူ့အဖေပြန်မလာတာနဲ့ မိုးချုပ်တော့ သူတစ်ယောက်တည်း လှည်းအောက်မှာ အိပ်ရတော့တာပေါ့။ အဲဒီလိုအိပ်လို့ ညသန်းခေါင်လောက်ကျတော့ ဘီလူးကြီးနှစ်ကောင်ရောက်လာသတဲ့။ ဘီလူးကြီးတစ်ကောင်က သိပ်ပြီးဆိုးတဲ့ဘီလူးကြီးတဲ့၊ တစ်ကောင်ကတော့ သိပ်မဆိုးဘူးတဲ့။ သိပ်ဆိုးတဲ့ဘီလူးကြီးက လှည်းအောက်မှာအိပ်နေတဲ့သူငယ်ကိုမြင်တော့ စားမယ်လို့ ပြောတယ်၊ သိပ်မဆိုးတဲ့ဘီလူးကမစားဖို့ ပြောသေးသတဲ့။ ဒါပေမယ့် မရဘူး စားမယ်ဆိုပြီး ခြေနှစ်ချောင်းကိုဆွဲလိုက်တယ်။ ဒီတော့ သူငယ်က အိပ်ရာကလန့်နိုးပြီး မြတ်စွာဘုရားကို ရှိခိုးပါ၏။ (နမောဗုဒ္ဓဿ) လို့ဆိုလိုက်သတဲ့။ ဒီတော့ ဘီလူးဟာ မစားဝံ့ဘဲ သူငယ်ကိုလွှတ်ပြီး ပြန်ချထားလိုက်ရတယ်။ ဒီတော့သိပ်မဆိုးတဲ့ဘီလူးက 'ငါတို့ဟာ သူတော်ကောင်းကို စော်ကားမိပြီ။ ငါတို့မှာ အပြစ်ရှိတယ်။ ဒီအပြစ်ပျောက်အောင် လုပ်ရမယ်' လို့ဆိုတော့ သိပ်ဆိုးတဲ့ဘီလူးကြီးကလည်း ဟုတ်တယ်ဆိုပြီး အဲဒီဆိုးတဲ့ဘီလူးကြီးက ရှင်ဘုရင်နန်းတော်သွားပြီး ရှင်ဘုရင်စားဖို့ ထမင်းဟင်းတွေကိုရွှေခွက်နဲ့ထည့်ပြီး ခိုးယူလာတယ်။ ဘီလူးကြီးနှစ်ကောင်ဟာ တစ်ဦးက ဒီသူငယ်ရဲ့ အဖေယောင်ဆောင်ပြီး တစ်ဦးကအမေယောင်ဆောင်ပြီး သူငယ်ကို နှိုးပြီးထမင်းကျွေးတယ်။ ထမင်းကျွေးပြီး တစ်ညလုံးထိုင်စောင့်နေတယ်။ သူငယ်လည်း သူ့အမေနဲ့အဖေက လာပြီးကျွေးတယ်ထင်ပြီး ထမင်းစားဝတော့ ပြန်အိပ်ပျော်သွားတယ်တဲ့။

မိုးလင်းခါနီးကျတော့ ဘီလူးကြီးနှစ်ယောက်ဟာ အဲဒီအကြောင်းကို ရွှေခွက်မှာ စာရေးပြီး ရွှေခွက်ကိုလှည်းပေါ်မှာထားခဲ့ပြီး ထွက်သွားကြတယ်။ မိုးလင်းတော့ နန်းတော်မှာ ဘုရင်စားမည့် ထမင်းတွေ ဟင်းတွေလည်းပျောက်တယ်။ ရွှေခွက်လည်းပျောက်တယ်ဆိုပြီး လိုက်ရှာကြတော့ မြို့ပြင်သင်္ချိုင်းနားက လှည်းပေါ်မှာတွေ့လို့ ဒီသူငယ်ကို ဖမ်းသွားကြတယ်တဲ့။

'ဒီရွှေခွက်ကို မင်းခိုးသလားလို့ သူငယ်ကလေးကိုမေးတော့ သူငယ်ကလေး

mgyoe.com